သို့

**Aziz Aluthman Fakhroo**
အုပ်ချုပ်မှု ဒါရိုက်တာနှင့် အမှုဆောင် အရာရှိချုပ်
Ooredoo Q.P.S.C.

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ရက်။

**အကြောင်းအရာ။ ။ အူရီဒူး မြန်မာအား ရောင်းချရန် စီစဥ်နေသည့် သတင်းအပေါ် တောင်းဆိုချက်အား ပေးပို့ခြင်း**

---

အူရီဒူး အမှုဆောင် အရာရှိချုပ် Mr. Aziz Aluthman Fakhroo ခင်များ

ဤစာကို လက်မှတ်ရေးထိုးသည့် ကျွန်ုပ်တို့ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် အထူးသဖြင့် ဒစ်ဂျစ်တယ်ကဏ္ဍနှင့် ဆိုင်သည့် လူ့အခွင့်အရေးများကို ကာကွယ် မြှင့်တင်ရန် လုပ်ဆောင်လျက် ရှိသည်။

**Ooredoo Myanmar ရောင်းချရန် စီစဥ်နေမှုသတင်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဤစာကို ရေးသားပေးပို့ခြင်းဖြစ်ပါသည်။ အဆိုပါ ရောင်းချရန် စီစဥ်မှုတွင် အသုံးပြုသူများ၏ လူ့အခွင့်အရေးကို လေးစားရန် နှင့် ၎င်းတို့အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို သုံးသပ်ရန် အူရီဒူး ကုမ္ပဏီတွင် တာဝန်ရှိသည် ဖြစ်ရာ အူရီဒူး ကုမ္ပဏီအား အပြုသဘော ဆောင်သော တွေ့ဆုံဆွေးနွေးမှုများက တဆင့် ကူညီပေးနိုင်ရန် ကျွန်ုပ်တို့ မျှော်မှန်းပါသည်။**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့က Mr. Rajeev Sethi သို့ Access Now က ပေးပို့ခဲ့သော စာအား ရည်ညွှန်းကာ ဤစာကို နောက်ဆက်တွဲအဖြင့် ပေးပို့ခြင်းဖြစ်ပါသည်။ (ပေးပို့ပြီးစာအား ဖတ်ရန်)

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ် ကွာဟမှုကို ကျဥ်းမြောင်းစေရေး အူရီဒူးက အရေးကြီးသော အခန်းကဏ္ဍ တစ်ခုမှ ပါဝင်ကြောင်း အူရီဒူး၏ ထုတ်ပြန်ချက် ကို ကျွန်ုပ်တို့ သဘောတူပါသည်။ သို့သော် လူ့အခွင့်အရေးကို ထိပါးစေနိုင်မှုများကို အသေးစိပ် စုံစမ်းအကဲဖြတ်သည့် လုပ်ငန်းစဥ်တစ်ရပ် မရှိဘဲ မြန်မာနိုင်ငံရှိ အူရီဒူး ကို ရောင်းချရန် စီစဥ်ပါက လူ့အခွင့်အရေး ချိုးဖောက်ခံရနိုင်မှုများကို ကုစားရန် ပျက်ကွက်ခြင်းနှင့် လုပ်ငန်း ဝယ်ယူသူက လူ့အခွင့်အရေး ချိုးဖောက်မှုများ ပို၍ ကျူးလွန်လာနိုင်ခြင်း ကြောင့် မြန်မာနိုင်ငံရှိ ပြည်သူများကို ဆိုးရွားသည့် အန္တရာယ်များ ဖြစ်စေနိုင်ပြီး ဒစ်ဂျစ်တယ် ကွာဟမှု ပို၍ ဆိုးရွားစေနိုင်ပါသည်။

**တာဝန်မဲ့စွာ ရောင်းချရန် စီစဥ်ပါက လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေရုံသာမက အူရီဒူး အတွက် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကိုပါ ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် မိတ်ဖက်ကုမ္ပဏီများနှင့် ပြင်ပ ဝန်ဆောင်မှု ပေးသူများ ထံသို့ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အန္တရာယ်များ ရှိစေနိုင်ပြီး၊ ရောင်းချထွက်ခွာသွားရုံဖြင့် ကျန်ရစ်မည့် လုပ်ငန်း နှင့် အူရီဒူး၏ ဆက်နွယ်မှုကို အဆုံးသတ် နိုင်မည်ဟု တွေးထင်၍ မရပေ။** အဆိုပါ အချက်ကို တယ်လီနောမြန်မာ ထွက်ခွာသည့်

ကိစ္စရပ်ကို ကြည့်လျှင် ထင်ရှားစွာ တွေ့နိုင်ပါသည်။ တယ်လီနောသည် ၄င်း၏ ရင်းနှီးမြှုပ်နှံသူများ၊ နော်ဝေ လွှတ်တော်အမတ်များ၊ နော်ဝေ စာနယ်ဇင်းများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ နိုင်ငံတကာ ဥပဒေပညာရှင်များ၏ ဖိအားပေးမှုကို ဆက်လက်ကြုံနေရပြီး၊ ကုမ္ပဏီ၏ တာဝန်ယူမှု ဆိုင်ရာ ကျင့်ထုံးများကို လိုက်နာရန် ပျက်ကွက်မှုအတွက် တာဝန်ခံမှု တောင်းဆိုသည့် လုပ်ငန်းစဥ်များ တွင် ဆက်လက် ကြုံတွေ့နေရသည်ကို သာဓကအနေဖြင့် တွေ့နိုင်ပါသည်။

**လက်လွှတ်စပယ် ရောင်းချ ထွက်ခွာမှုကြောင့် တယ်လီနော ကုမ္ပဏီ ကြုံတွေ့နေရသည့် အခြေအနေများကို ရှောင်ရှားရန်၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်မှုများနှင့် နိုင်ငံစုံလုပ်ငန်းများ အတွက် OECD လမ်းညွှန်ချက်များနှင့်အညီ လူ့အခွင့်အရေး ထိပါးနိုင်မှု အသေးစိတ် စုံစမ်းအကဲဖြတ်သည့် လုပ်ငန်းစဥ်ကို ချက်ချင်းလုပ်ဆောင်ရန် အူရီဒူးအား ကျွန်ုပ်တို့က တိုက်တွန်း အပ်ပါသည်။** ဤအကဲဖြတ်မှုအား ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ် အခွင့် အရေးဆိုင်ရာ စိန်ခေါ်မှုများကို စောင့်ကြည့်နေသည့် အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက်ထိတွေ့ ဆွေးနွေးရန် အူရီဒူးအား အလေးအနက် တိုက်တွန်း အပ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် လူ့အခွင့်အရေး ကာကွယ်မှု ဆိုင်ရာ လမ်းညွှန်ချက်များနှင့် အကြံဉာဏ်များ ပေးရန် သော်လည်းကောင်း၊ တွေ့ဆုံသင့်သည့် အခြား သက်ဆိုင်သူများနှင့်လည်း ချိတ်ဆက်ပေးနိုင်ရန် အူရီးဒူးဖြင့် တွေ့ဆုံရန် အဆင်သင့်ရှိပါသည်။

ယင်းသို့ ချိတ်ဆက်မှု နှင့် စုံစမ်းအကဲဖြတ်မှုကို လုပ်ဆောင်နိုင်ရေးအတွက် ပဏာမ အနေဖြင့် အူရီဒူး အား အောက်ပါအချက်များအား ထည့်သွင်းစဥ်းစား လုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်။

**<u>အူရီဒူးသို့ အကြံပြုချက်များ</u>**

အခြေခံ လူ့အခွင့်အရေးအချက်များကို လေးစားလိုက်နာရန် တာဝန်ရှိသည်နှင့်အညီ အူရီဒူးသည် ပတ်သက်အလုပ်လုပ်ကိုင်နေသူများ အပါအဝင် မိမိတို့ ဝန်ထမ်းများ၊ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများ၊ လုပ်ငန်း လည်ပတ်ရေးအတွက် ဆက်စပ် ပတ်သက်နေသည့် အသိုင်းအဝိုင်းများ (ဤနေရာတွင် “သက်ဆိုင်သူများ”ဟု စုစည်းဖော်ပြထားသည်) တို့အား ဤအောက်ဖော်ပြပါ အခြေခံမှုများကို လက်စွဲကာ ကာကွယ်ပေးရမည်။

၁။ မြန်မာနိုင်ငံမှ ထွက်ခွာသည့်အခါ အထူးသဖြင့် သက်ဆိုင်သူများအပေါ် အန္တရာယ် ဖြစ်စေမှုများကို တားဆီးရန် သို့မဟုတ် လျှော့ပါးစေရန်နှင့် ဆိုးရွားသော လူ့အခွင့်အရေး ဆိုင်ရာ ထိပါးမှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဖြစ်စေဖို့ ပံ့ပိုးပေးရာ ရောက်ခြင်းကို ရှောင်ရှားရန် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ တာဝန်ကို အသိအမှတ်ပြုခြင်း အပါအဝင် **နိုင်ငံတကာ လူ့အခွင့်အရေးနှင့် တာဝန်သိ စီးပွားရေး စံနှုန်းများအတွက် မူတစ်ရပ် ချမှတ်ရေးကို ကတိကဝတ်ပြုရန်။** ထိုသို့ လုပ်ဆောင်ရာတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်မှု အခြေခံမှုများ *('UNGPs')* ၏ စည်းမျဉ်း ၁၆ နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်၏ အခြေခံမှုများနှင့် အလုပ်ခွင် အခွင့်အရေးများ ဆိုင်ရာ ကြေညာချက် စသည့် အခြားသော နိုင်ငံတကာပဋိညာဉ်များတွင် ပါရှိသည့် လူ့အခွင့်အရေး ရည်ညွှန်း ပြောကြားချက်များ အပါအဝင် အများပြည်သူ သိရှိအောင် ထုတ်ပြန်ထားသော လူ့အခွင့်အရေး ဆိုင်ရာ အခြေခံမူဝါဒများကို အခြေပြုကာ ချမှတ် လုပ်ဆောင် သင့်သည်။

**၂။ မြန်မာနိုင်ငံကဲ့သို့ ပဋိပက္ခဖြစ်ပွားနေသော အခြေအနေများတွင် စီးပွားရေး လုပ်ငန်းများသည် လူ့အခွင့်အရေးကို လေးစားရမည့် တာဝန်ရှိအတွက် ပို၍ သတိထားရသည်ဖြစ်ရာ လူ့အခွင့်အရေး ထိပါးနိုင်မှုအပေါ် ပို၍ ကျယ်ပြန့်သည့် အသေးစိတ် စုံစမ်းအကဲဖြတ်မှု လုပ်ဆောင်ရန်။** ပဋိပက္ခဒဏ်ခံရသော အခြေအနေတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ယခင်ထက် မြင့်တက်လာနေသည်ကို အသိအမှတ်ပြုပြီး အူရီဒူး၏ မြန်မာနိုင်ငံလုပ်ငန်းများကို ရောင်းချရန် လုပ်ဆောင်ရာတွင် လုပ်ဆောင်ရမည့် လူ့အခွင့်အရေး ထိပါးနိုင်မှု အသေးစိတ် စုံစမ်းအကဲဖြတ်မှု လုပ်ငန်းစဉ်သည် UNGPs ၏ အခြေခံမူ ၁၇ မှ ၂၁ အရ အစိတ်အပိုင်းလေးခု ပါဝင်ရမည်။

- ဖြစ်နိုင်ချေရှိသော ဝယ်ယူသူများ၏ နောက်ခံနှင့် သဘောသဘာဝကို အကဲဖြတ်ခြင်း အပါအဝင် ရောင်းချရန် ဆုံးဖြတ်ချက်တစ်ခု၏ အမှန်တကယ်နှင့် အလားအလာရှိသော ဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို စမ်းစစ်ခြင်း၊
- ဆိုးရွားသော သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် သင့်လျော်သော လုပ်ဆောင်မှု အပါအဝင် အဆိုပါ ဆန်းစစ်ချက်များ၏ တွေ့ရှိချက်များပေါ်မူတည်ကာ အားလုံး ပေါင်းစပ် တုံ့ပြန်ဆောင်ရွက်ခြင်း၊
- ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းက တဆင့် တုံ့ပြန် လုပ်ဆောင်မှုများ၏ ထိရောက်မှုကို စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊
- ဆိုးရွားသော သက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းများကို သက်ဆိုင်သူ အားလုံးအား ပုံမှန်နှင့် ပွင့်လင်းမြင်သာမှုရှိရှိ တိုင်ပင် ပြောဆိုခြင်း။

**၃။ အူရီဒူးသည် အများပြည်သူ၏ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံခွင့် ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းပါဝင်ခွင့်နှင့် လုံခြုံရေးစွာ နေထိုင်ခွင့် တို့ကို အလေးထားသည့် စဉ်းစားလုပ်ဆောင်မှုများကို ချပြခြင်း အပါအဝင် ပတ်သက်ဆက်နွှယ်သူများနှင့် စဉ်ဆက်မပြတ် ပွင့်လင်းမြင်သာသော တွေ့ဆုံဆွေးနွေးများ လုပ်ဆောင်ပါ။** အသုံးပြုသူများ၏ အချက်အလက်နှင့် ဆက်စပ်မှုများအပါအဝင် အိုရီဒူး ရောင်းချခြင်း၏ အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာနိုင်သည့် လူ့ခွင့်အရေးချိုးဖောက်မှုများကို ကြိုတင် သိရှိကာကွယ်နိုင်ရန် သက်ဆိုင်သူများ လုပ်ဆောင်နိုင်သည့် အဆင့်များကို ထုတ်ဖော် ပြောဆိုခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို အဆိုပါ တွေ့ဆုံဆွေးနွေးမှုများက တစ်ဆင့် ရှာဖွေပါ။

**မြန်မာနိုင်ငံတွင် အူရီဒူး၏ လုပ်ငန်းများ ရောင်းချခြင်းနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ၊ ခြိမ်းခြောက်မှုများနှင့် အခြားသော အရေးတကြီး စိုးရိမ်ပူပန်မှုများကို ပါဝင် ပတ်သက်သူများက တင်ပြဆွေးနွေးနိုင်ရန် အတွက် ထိရောက်၊ လုံခြုံပြီး အသုံးပြုရ လွယ်ကူ လက်လှမ်းမီသည့် ဆက်သွယ်ရေးပလက်ဖောင်းကို ချက်ခြင်း တည်ထောင်ရန် အကြံပြုသည်။** ဤသို့လုပ်ဆောင်ရာတွင် ဖြစ်လာနိုင်သည့် ဆိုးဝါးသည့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံ ရနိုင်မှုများ၊ ခြိမ်းခြောက်မှုများနှင့် အခြားသော အရေးတကြီး စိုးရိမ်မှုများအတွက် လျော့ပါး သက်သာမည့် နည်းလမ်းများ သို့မဟုတ် ကုစားရေး အစီအမံများ ပေါ်ပေါက် စေရေး သက်ဆိုင်သူများနှင့် အချိန်နှင့် တပြေးညီ ချိတ်ဆက်လုပ်ဆောင်မည် ဖြစ်ကြောင်းကို ပွင့်လင်းမြင်သာစွာ ကတိ ကဝတ် ပြုသည့် အစီအစဉ် ပါရှိရမည်ဖြစ်သည်။

အောက်ဖော်ပြပါ အစီအမံများက အထူးသဖြင့် အူရီဒူး မြန်မာနိုင်ငံမှ ထွက်ခွာရန် ဖြစ်လာပါက လမ်းညွှန် အဖြစ် အသုံးပြုရန် ဖြစ်သည်။

၅။ ဝယ်မည့်သူက အောက်ပါ အချက်များ ရှိ၊ မရှိ သေချာစွာ စုံစမ်းပါ။

- သက်ဆိုင်ပတ်သက်သူများနှင့် ပွင့်လင်းမြင်သာစွာ တွေ့ဆုံ ဆွေးနွေးမှု အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ တာဝန်ယူမှုရှိစွာ လုပ်ငန်းလည်ပတ်မှုကို သက်သေသက်ကာရဖြင့် ပြသနိုင်သည့် ကတိကဝတ်ပြုမှု ပါဝင်ရမည်။
- လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အကျင့်ပျက်ခြစားမှုများတွင် ကိုယ်တိုင် ကျူးလွန်ခြင်း သို့မဟုတ် ပါဝင်ပတ်သက်မှု မရှိသူ ဖြစ်ရမည်။
- နိုင်ငံတကာက ဒဏ်ခတ်ပိတ်ဆို့ထားသော ပုဂ္ဂိုလ်များ၊ စစ်အာဏာရှင်များ၏ အဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့၏ မိသားစုများ၊ သို့မဟုတ် ဒဏ်ခတ်ပိတ်ဆို့ထားသော စီးပွားရေး လုပ်ငန်းများ အပါအဝင် တရားမဝင် နည်းလမ်းဖြင့် ရရှိထားသော ရင်းနှီးမြှုပ်နှံမှုများ ရှိသည့် ပုဂ္ဂိုလ်များနှင့် ဆက်စပ် ပတ်သက်နေခြင်း မရှိစေရ။
- မြန်မာနိုင်ငံရှိ ပြည်သူများအတွက် နှောင့်ယှက်မှုမရှိ၊ လွယ်ကူ၊ သက်သာ၊ လုံခြုံပြီး လူ့အခွင့်အရေး လေးစားလိုက်နာမှုကို ထိထိရောက်ရောက် ပေးနိုင်သော ဝန်ဆောင်မှုကို ပေးနိုင်ကြောင်း လက်တွေ့ ပြသနိုင်သည့် လုပ်ဆောင်နိုင်ရည် ရှိပြီး၊ ယင်းသို့ လုပ်ဆောင်ရန် ကတိကဝတ်လည်း ပေးနိုင် သူဖြစ်ရမည်။ အဆိုပါ ကတိ ကဝတ်တွင် ချမှတ်ထားသည့် နိုင်ငံတကာ ဥပဒေမူဘောင်များ ဖြစ်သည့် တရားဝင်မှု၊ အချက် အလက် တောင်းယူရာတွင်လည်း လိုအပ်မှုနှင့် အချိုးညီရှိသာ လုပ်ဆောင်ရမည့် ဥပဒေများကို မလိုက်နာပဲ ထုတ်ပြန်သည့် အမိန့်များကို ဥပဒေနည်းလမ်းများ အရ ထောက်ပြကာ ကန့်ကွက် ဆန့်ကျင့်သွားမည် ဆိုသည့် ကတိကဝတ်လည်း ပါဝင်ရမည်။

**၆။ မထွက်ခွာမီ မြန်မာနိုင်ငံရှိ အူရီဒူး အသုံးပြုသူများ အခွင့်အရေးများကို ကာကွယ်ရန်အတွက် လုံလောက်ပြီး ထိရောက်သော ကာကွယ်ရေး အစီအမံများထားရှိနိုင်ရေး ချက်ခြင်းလုပ်ဆောင်ပါ။** ၎င်းတို့တွင်-

- **အူရီဒူး အသုံးပြုသူများ**၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မြန်မာ စစ်တပ်သို့ လွှဲပြောင်းပေးအပ်ခံရခြင်းကို ရှောင်နိုင်ရန်အတွက် လုပ်ငန်း လည်ပတ်မှု အရရော၊ နည်းပညာအရပါ သို့မဟုတ် အခြားသော နည်းများဖြင့်ပါ လုံခြုံရေး အစီအမံများ ထားရှိရန်။
- လုပ်ငန်း မရောင်းချမီနှင့် ရောင်းချ နေစဥ် အတွင်း အိုရီဒူး အသုံးပြုသူများ၏ ဒေတာ များကို တရားမဝင် ရယူရန် စစ်တပ်က အမိန့်ပေး စေခိုင်းနိုင်သည် ဖြစ်ရာ အဆိုပါ အမိန့်များမှ ကာကွယ်နိုင်ရန် ထိရောက်ပြီး လုံလောက်သော ဒေတာ ကာကွယ်ရေးနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက် ကာကွယ်ပေးသည့် အစီအမံများကို အခုကတည်းက အကောင်အထည်ဖော်ရန်။
- မြန်မာနိုင်ငံတွင် Ooredoo ၏ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ပြင်ဆင်နေချိန် နှင့် ရပ်ဆိုင်းအပြီးတွင် အသုံးပြုသူများ၏ ဒေတာများကို ကာကွယ်ရန် အသေးစိပ် ဆန်းစစ်အကဲဖြတ်မှု၊ စီမံခန့်ခွဲမှုနှင့် ကာကွယ်ရေး အစီအမံများနှင့်ပတ်သက်၍ မည်သို့ လုပ်ဆောင်ထားသည် သို့မဟုတ် မည်သို့ လုပ်ဆောင်မည်ကို သုံးစွဲသူများနှင့်

ပြည်သူများအား ပွင့်လင်းမြင်သာစွာ အသိပေးရန်။ ထို့အပြင် နိုင်ငံတကာဥပဒေနှင့် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော ဖြစ်နိုင်ခြေရှိသော ဥပဒေဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို ဆွေးနွေးရန် သို့မဟုတ် တောင်းဆိုနိုင်ရေးအတွက် သက်ဆိုင် သူများနှင့် ပွင့်လင်းမြင်သာစွာ တွေ့ဆုံဆွေးနွေးခြင်း လုပ်ဆောင်ရန် လိုအပ်သည်။

- မြန်မာစစ်တပ်က တရားမဝင် စောင့်ကြည့်ခြင်းအတွက် ကြားဖြတ်နှင့်/သို့မဟုတ် နှစ်မျိုး သုံးနည်းပညာများ အပါအဝင် ထောက်လှမ်းရေးနည်းပညာများကို မကြာမီ ပို၍ အလွဲသုံးစားလုပ်လာနိုင်သည်ရာ ယင်းသို့ အလွဲသုံးစားပြုခြင်းကို ကာကွယ်ရန်အတွက် လုပ်ငန်းလည်ပတ်မှုအရ သော်လည်းကောင်း၊ နည်းပညာ အရ သော်လည်းကောင်း သို့မဟုတ် အခြားသော နည်းလမ်းများဖြင့် ကာကွယ်ခြင်း အစီအမံများ ထားရှိရန်။

**၇။ UNGPs ၏ ပုဒ်မ ၂၂ အရ ရောင်းချခြင်းမှ ဖြစ်ပေါ်လာနိုင်သာ ဆိုးရွားသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအတွက် ပံ့ပိုးမှု၊ ကုစားမှုနှင့် လျော်ကြေးပေးရေးတို့ကို ကတိကဝတ်ပြုရမည်။** ယင်းသို့လုပ်ဆောင်ရာတွင် အူရီဒူးက ရောင်းချမှုမှ ချက်ခြင်းဆိုသလို ဖြစ်ပေါ်လာမည့် ဆိုးရွားသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို သက်ဆိုင်သူများအား အသိပေး ညှိနှိုင်း တိုင်ပင်ကာ အသေးစိပ်ပြုစုထားသည့် အချက်အလက်များအပေါ် အခြေခံရန် လိုအပ်ပြီး၊ လက်ရှိနှင့် ဖြစ်နိုင်ချေ ရှိသော ပိတ်ဆို့မှုများကို ကိုင်တွယ်ဖြေရှင်း နိုင်ရမည်ဖြစ်သည်။ အဆိုပါ ကတိကဝတ်များတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

- နစ်နာမှုကို ကုစားသည့် ယန္တရားများ ထူထောင်ရမည်။ အဆိုပါ ယန္တရားများသည် နစ်နာမှုကို တိုင်ကြားသူများ အတွက် အမှီအခိုကင်းပြီး၊ သမာသမတ်ရှိကာ၊ ထိရောက်မှု၊ လက်လှမ်းမီနိုင်မှု နှင့် လုံခြုံမှုရှိစေရမည် ဖြစ်သည်။ အဆိုပါ ယန္တရားများ နစ်နာမှုများအတွက် အလျော်အစား၊ လျော်ကြေး ပေးခြင်းနှင့် လုံခြုံရေးဆိုင်ရာ အစီအစဉ်များ အတွက် ရှင်းလင်းပြတ်သားသည့် ပြဋ္ဌာန်းချက်များ ပါရှိရမည်။ ထို့အပြင် အဆိုပါ ယန္တရားများကို မိမိဝန်ဆောင်မှုကို အသုံးပြုသူများနှင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် လုပ်ဆောင် ရမည်။ အဆိုပါ နစ်နာချက်များကို ကုစားသည့် ယန္တရားများသည် လူမှုရေးအရ နှင့် နိုင်ငံရေး အရပါ ခိုင်မာသော ကာကွယ်ပေးမှုများရှိသည့် တရားစီရေး စံနစ်အောက်တွင် တည်ဆောက်ရမည် ဖြစ်သည်။
- တိုင်ကြားသူများ သို့မဟုတ် ဝန်ထမ်းများအား လက်စားချေ နှိပ်ကွပ်လာနိုင်မှုများကို တားဆီးသည့် အစီအမံများကို အကောင်အထည်ဖော်ရမည်။ ဖြစ်နိုင်ချေရှိသော ဆိုးရွားသည့် တိုက်ခိုက် ခံရနိုင်မှုများ၊ လုံခြုံရေးသင်တန်းများ အပြင်၊ ဒေတာကာကွယ်ရေးနှင့် ကိုယ်ရေး ကိုယ်တာ အချက်အလက် ကာကွယ်ရေး အတွက် နည်းလမ်းကောင်းများကို လွတ်လပ်သော ကျွမ်းကျင် ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ လုပ်ဆောင် သင့်သည်။

အူရီဒူးကုမ္ပဏီထံမှ အကြောင်းပြန်ကြားမှုကို ကျွန်ုပ်တို့ မျှော်လင့်လျက် ရှိပြီး၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကို ကာကွယ်ရန် ဖြစ်နိုင်သည့် နည်းလမ်းများအတွက် အူရီဒူးနှင့် တွေ့ဆုံရန် ကျွန်ုပ်တို့ အလေးအနက် ဆန္ဒရှိပါသည်။

လေးစားစွာဖြင့်

Access Now
Athan
Ananda Data
Free Expression Myanmar
Myanmar ICT for Development (MIDO)

မိတ္တူကို  အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပေးပို့ပါသည်။

**Rajeev Sethi**
Chief Executive Officer
Ooredoo Myanmar Limited

**Bharat Vagadia**
Head of Public Policy and Regulatory Affairs
Ooredoo Group

**Board of Directors**
Ooredoo Group